P.W.O

Palaung Women's Organization

ပလောင်(တအာင်း) အမျိုးသမီး အစည်းအရုံး

P.O.Box (98), Tak, 63110.Maesot, Thailand. Tel: +6655 533 324, pwotaang@csloxinfo.com

သတင်းထုတ်ပြန်ချက်

## "အဆိပ်သင့်သောပန်းများ"

### မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော၊ မအောင်မြင်သောမူးယစ်ဆေးဝါးတိုက်ဖျက်ရေးမူဝါဒ၏ ခါးသီးပြင်းထန်သောအကျိုးဆက်များကို ပလောင်အမျိုးသမီးများက ဖွင့်ဟထုတ်ဖော်လိုက်ခြင်း။

ပလောင်အမျိုးသမီးအစည်းအရုံး (PWO) ၏ ထုတ်ပြန်လိုက်သော အစီရင်ခံစာသစ်အရ၊ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် နေထိုင်ကြသော ပလောင်လူထုအသိုင်းအဝိုင်းအတွင်း၌၊ တိုးတက်လာနေသော မူးယစ်ဆေးထုတ်လုပ်မှုနှင့် မူးယစ်ဆေးစွဲမှုတို့ကြောင့် မည်မျှဆုတ်ယုတ်ပျက်စီးရပုံကို အသေးစိတ်ဖော်ပြထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ စစ်အစိုးရကဆောင်ရွက်နေသော မူးယစ်ဆေးတိုက်ဖျက်ရေးစီမံချက်များ၊ မအောင်မြင်မှုကိုလည်း ဖော်ထုတ်ဖွင့်ချထားပါသည်။

*"အဆိပ်သင့်ပန်းများ။ တိုးတက်များပြားလာနေသော မူးယစ်ဆေးစွဲပြဿနာကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပလောင်အမျိုးသမီးများတွင် ဆိုးကျိုးသက်ရောက်မှုများ"* ဟု အမည်ပေးထားသော အစီရင်ခံစာသည်၊ မူးယစ်ဆေးစွဲနေသူတို့၏ မိခင်နှင့်ဇနီးမယား (၈၈) ဦးတို့ကို၊ တွေ့ဆုံမေးမြန်းချက်များကို အခြေပြုထားပါသည်။ မူးယစ်ဆေးစွဲမှုနှုန်းမြင့်မားလာခြင်းကြောင့်၊ ပလောင်ဒေသအတွင်းနေထိုင်ကြသော အမျိုးသမီးများ အထူးထိခိုက်နစ်နာကြရပုံကို ဖော်ပြထားပါသည်။ မူလကတည်းက ဆင်းရဲကျပ်တည်းစွာနေထိုင်ကြရသည့် အခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စိုးစဉ်းမျှသာရရှိနိုင်သော အခြေအနေတွင်၊ မူးယစ်ဆေးစွဲနေသူများ၏ ဇနီးမယားများသည်၊ ကလေးဆယ်ဦးမျှအထိရှိသော မိသားစုကို ထောက်ပံ့နိုင်ရန် တစ်ကိုယ်တည်း ရုန်းကန်နေကြရပါသည်။

မူးယစ်ဆေးစွဲနေသူ ခင်ပွန်းယောကျ်ားများသည်၊ မိသားစုများကို ထောက်ပံ့ပေးခြင်းမပြုတော့ရုံမျှမက၊ ပိုင်ဆိုင်မှု ဥစ္စာပစ္စည်းများကို ရောင်းချခြင်း၊ ခိုးမှုကျူးလွန်ခြင်း၊ ဇနီးမယားနှင့် ကလေးများကို နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ မတော်မတရားပြုမှုများ ကျူးလွန်ကြပါသည်။ ဤအစီရင်ခံစာတွင် ကလေး (၁၁) ဦးအနက်၊ ရောဂါဘယများကြောင့် ကလေး (၈) ဦး ဆုံးရှုံးရသူ မိခင်အမျိုးသမီးတစ်ဦးနှင့် မူးယစ်ဆေးစွဲနေသူ ဖခင်ကိုယ်တိုင်က လူကုန်ကူးရောင်းချခံခဲ့ရသည့်၊ သမီးများ၏ဖြစ်ရပ်များကို အသေးစိတ် တင်ပြထားပါသည်။

မူးယစ်ဆေးစွဲမှုနှုန်းတိုးတက်လာရခြင်းမှာ၊ စစ်အစိုးရက ဒေသအတွင်း ပုန်ကန်ထကြွမှုများကို နှိပ်ကွပ်နိုင်ရန်နှင့် မူးယစ်ဆေးကုန်သွယ်မှု မှရလာသော အကျိုးအမြတ်များကို ခွဲဝေယူရန်၊ ရည်ရွယ်ချက်များဖြင့်၊ မူးယစ်ရာဇာများကို ပလောင်ဒေသများ၌ လွန်ခဲ့သောနှစ်များ အတွင်း၊ အခွင့်အရေးတစ်ရပ်အနေဖြင့် ထုတ်လုပ်မှု တိုးချဲ့ခွင့်ပြုထားခြင်းကြောင့် ဖြစ်ပါသည်။ လက်ဖက်နှင့် အခြားသောသီးနှံများ ဈေးကွက်ပျက်လာခြင်းကြောင့်၊ တောင်သူလယ်သမားများမှာ ဘိန်းစိုက်ပျိုးမှုဖက်သို့ ပို၍ဦးတည်လာစေပြီး၊ အချို့မှာ ဘိန်းခင်းများတွင် လုပ်ခစားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြရပါသည်။ လုပ်ခကိုလည်း ရံဖန်ရံခါ ဘိန်းဖြင့် ပေးချေလေ့ရှိကြပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဘိန်းထုတ်လုပ်မှုသိသိသာသာကျဆင်းခဲ့သည်ဟု၊ မြန်မာစစ်အစိုးရနှင့် ကုလသမဂ္ဂ၊ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်ပြစ်မှုများဆိုင်ရာရုံး (UNODC) တို့၏ ဖော်ပြပြောဆိုခဲ့ချက်များအပေါ်၊

ဤအစီရင်ခံစာက မေးခွန်းထုတ် ထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဉ်များအတွက် ထောက်ပံ့ပေးနေကြသော၊ အလှူရှင်နိုင်ငံများနှင့် ကုလသမဂ္ဂ၏ဌာနများသို့၊ မြန်မာနိုင်ငံတွင် စစ်မှန်သောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ် ပေါ်လာစေရန်အတွက်၊ တွန်းအားပေးကြပါရန် တောင်းဆိုထားပါသည်။

"မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေဟာ၊ ပြည်သူလူထု သက်သာဖူလုံရေးကိုကြည့်တဲ့ ဒီမိုကရေစီအစိုးရလက် အောက်မှာသာ ဖြစ်နိုင်လိမ့်မယ်။ မူးယစ်ဆေးဝါးကုန်သွယ်ရေးနဲ့ အကျိုးစီးပွါးဖြစ်နေတဲ့ စစ်အစိုးရလက်အောက်မှာ ဖြစ်နိုင်စရာ အကြောင်းမရှိဘူး။"ဟု ဤအစီရင်ခံစာရေးသားသူ တစ်ဦးဖြစ်သည့် လိုည်းချယ်ရီက ပြောပါသည်။

မလေးရှားနိုင်ငံမှ ပါလီမာန်လွှတ်တော်ကိုယ်စားလှယ် ထရီဇာ ကွက် (Teresa Kok) နှင့် ဖိလစ်ပိုင်နိုင်ငံမှ ကွန်ကရက်လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးတစ်ဦးဖြစ်သူ လော်ရီတာ အန်း ပီ– ရိုဆာလီစ် (Loretta Ann P. Rosales) က၊ ဤအစီရင်ခံစာ၏ အမှာစကားရေးသားပေးခဲ့ရာတွင်၊ "ဤသို့ သူတို့၏ဘဝဇာတ်ကြောင်းများကို ဖွင့်ဟပြောဆိုခဲ့ကြသော အမျိုးသမီးများ၏ ပြောင်မြောက်သောသတ္တိကြောင့်၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ ကြိုးပမ်းမှုအားလုံးကို အထောက်အပံ့ဖြစ်စေနိုင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ပါသည်။" ဖော်ပြခဲ့ပါသည်။ "မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာမှာ ပို၍ဆိုးရွားလာနေပြီး၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်လျက်ရှိနေပါသည်။ ဤအခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) က သင့်လျော်သော အရေးယူဆောင်ရွက်မှုများ၊ အဆောတလျင်ပြုလုပ်ရန် လိုအပ်နေပြီ ဖြစ်ပါသည်။" ဟုလည်း ဖော်ပြတိုက်တွန်းခဲ့ကြပါသည်။

*သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်–*

လိုည်းအေးနန်း (ဖုန်း–၆၆ ၉–၄၃၄၂၈၄၁)
လိုည်းချယ်ရီ (ဖုန်း– ၆၆ ၆–၉၁၈၁၂၅၆)
အင်တာနက်စာမျက်နှာ– www.womenofburma.org